# မန်ကောင်းကျေးရွာ
# ဟိုပန်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂ – ၂၀၂၆)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မန်ကောင်းကျေးရွာ၊ ဟိုပန်မြို့နယ်
( သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၂ ခုနှစ်၊ ဇွန် လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| ၁။ | စကားချီး | ၃ |
| ၂။ | ကျေးရွာ သယံဇာတပြမြေပုံ၊ | ၄ |
| ၃။ | ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ | ၅ |
| ၄။ | ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊ | ၆ |
| | | |
| **အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ** | | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | ၈ |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | ၈ |
| ၃။ | လူဦးရေဆိုင်ရာ အချက်အလက်များ | ၈ |
| ၄။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | ၈ |
| ၅။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံ စိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၀ |
| ၆။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၇။ | ပညာရေး | ၁၀ |
| ၈။ | ကျန်းမာရေး | ၁၀ |
| ၉။ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၁ |
| ၁၀။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | ၁၁ |
| ၁၁။ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး | ၁၁ |
| ၁၂။ | ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး | ၁၁ |
| ၁၃။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | ၁၂ |
| **အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** | | |
| | စီမံချက် အဆိုပြုလွှာ (၁) | ၁၄ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၆ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၇ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂ခုနှစ်မှ ၂၀၂၆ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်သည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပေးလမ်းပြကူညီပံ့ပိုးပေး၍ လိုအပ်သည်များကိုစီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှု များရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇွန် လ ၂၀၂၂

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>
မန်ကောင်းကျေးရွာ<br>
ဟိုပန်မြို့နယ်

# ဟိုပန်မြို့နယ်၊ မန်ကောင်းကျေးရွာ သယံဇာတပြမြေပုံ



## ဟိုပန်မြို့နယ်၊ မန်ကောင်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



## ဟိုပန်မြို့နယ်၊ မန်ကောင်းကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ



# အပိုင်း (က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

## ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မန်ကောင်းကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၏ မန်ကောင်း (ပန်လုံ)ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ဟိုပန်မြို့၏ အရှေ့တောင်ဘက် (၂၇/၀)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ခတ်ကြာတေးကျေးရွာ၊ အနောက်ဘက်တွင် သံလွင်မြစ်၊ တောင်ဘက်တွင် စိုက်ခင်းများ၊ မြောက်ဘက်တွင် မန်ခမ်းကျေးရွာ စသည်တို့ တည်ရှိပါသည်။ ကျေးရွာတွင် လားဟူလူမျိုးများ အများဆုံးနေထိုင်ပြီး “ဝ”လူမျိုးအနည်းငယ်သာ နေထိုင်ကြပါ သည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာမှာ တောင်ပေါ်ဒေသဖြစ်သောကြောင့် ရွာသီဥတုမှာ အေးသောရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေကေမှာ(၇၅)ကေ ရှိပါသည်။များသောအားဖြင့် မေလတွင် မိုးစတင်ရွာသွန်းပြီး အောက်တိုဘာ လတွင် မိုးကုန်ပါသည်။ ဇွန်နှင့်ဇူလိုင်လတွင် မိုးအများဆုံးရွာသွန်းပြီး မိုးရေချိန်သည် တစ်နှစ်ပတ်လုံး ပျမ်းမျှ (၇၀ မှ ၁၀၀)လက်မ ရွာသွန်းပါသည်။ ပျှမ်းမျှအမြင့်ဆုံး အပူချိန် (၃၃.၈၀)ဒီဂရီ အနိမ့်ဆုံးအပူချိန် (၁၁.၀၀) ဒီဂရီစင်တီဂရိတ် ရှိပါသည်။

## ၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ခြေ(၂၆)၊ လူဦးရေပေါင်း(၁၄၃)ဦးရှိပြီး လားဟူလူမျိုးများနှင့် “ဝ”လူမျိုးအနည်းငယ်သာ နေထိုင်ကြပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅.၅)ဦးရှိသောကြောင့် မြန်မာနိုင်ငံ၏စံနှုန်းဖြစ်သော တစ်အိမ်ထောင် (၅)ယောက်နှုန်းအထက်ရှိပါသည်။ ကျေးရွာတွင် နို့စို့အရွယ်ကလေးငယ် စုစုပေါင်း(၁)ဦး၊ (၀.၆၉%)၊ သက်ကြီးရွယ်အို(၇)ဦး (၄.၈၉%)၊ (၅)နှစ်အောက် ကလေးငယ်(၁၁)ဦး (၇.၆၉%)၊ ကျောင်းနေ အရွယ်ကလေးငယ် (၃၅)ဦး (၂၄.၄၇%) နှင့် အလုပ်လုပ်နိုင်သောလူဦးရေသည် (၈၉)ဦး၊ (၆၂.၂၃%) ရှိသည့်အတွက် အလုပ်လုပ်နိုင်သောသူ များပြားပါသည်။ ထို့ပြင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် (၁၁%) ပိုများပါသည်။

## ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ၂၀၁၄-၂၀၁၅ခုဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးထားသော အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မြစိမ်းရောင်ကျေးရွာစီမံကိန်း အိုက်ကျော်ပါးကျေးရွာ+ မန်ကောင်းကျေးရွာ+ နမ့်ခူရှဲကျေးရွာ+ ခတ်ကြာတေးကျေးရွာ+ ကောင်းဝိန်းကျေးရွာ+ မန်ခမ်းကျေးရွာ+ ပန်ကမ်းကျေးရွာ(၇)ရွာ(၁)ယူနစ် ရရှိထားပါသည်။ထိုစီမံကိန်းကို ကျေးရွာများမှ ဆက်လက်အကောင်အထည်ဖော်ရန်အတွက် ကျေးရွာတွင်းမြစိမ်းရောင်ကော်မတီအား ဖွဲ့စည်းထားပါသည်။ ထိုကော်မတီများမှ တစ်ဆင့် ကျေးရွာသူ/သားများအား အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေထုတ်ပေးခြင်း၊ ထုတ်ချေးငွေများအား ပြန်လည်ကောက်ခံခြင်း၊ ငွေစာရင်းရှင်းလင်းခြင်း၊ ငွေစာရင်းစစ်ဆေးခြင်း၊ ချေးငွေအတည်ပြုခြင်း၊ ချေးငွေ အတိုးတွက်ချက်ခြင်းနှင့် ငွေကြေးဆိုင်ရာစီမံခန့်ခွဲခြင်းတို့ကို ကျေးရွာမြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ တာဝန်ယူဆောင်ရွက်ပေးရပါသည်။ ရပ်မိရပ်ဖအဖွဲ့၊

အုပ်ချုပ်ရေးအဖွဲ့နှင့် လူငယ်အဖွဲ့များမှာ ကျေးရွာတွင်း သာရေး/နာရေးကိစ္စများဆောင်ရွက်ရာတွင် အချင်းချင်း ချိတ်ဆက်ဆောင်ရွက်ကြပြီး ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စရပ်များကိုတော့ သက်ဆိုင်ရာဌာနများနှင့်ချိတ်ကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား လုပ်ကိုင်ကြပါသည်။

**၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံစိုက်ပျိုးရေး**

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှုအသင့်အတင့်ရှိပြီး တောင်သူလတ် အိမ်ထောင်စု (၂)စုရှိပါသည်။ အဓိကအားဖြင့် ပြောင်းနှင့် စပါးတို့ကိုစိုက်ပျိုးကြပြီး စပါးကို အိမ်စားသုံးရန်အတွက်သာ စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေအတွက် လယ်အနီးနားရှိ ချောင်းမှရေကိုသာ အဓိကမှီခိုအားထားနေရသောကြောင့် ရာသီဥတုမမှန်သော်လည်း ချောင်းမှရေဖြင့် ရေသွင်းစိုက်ပျိုးကြပါသဖြင့် အခက်အခဲတော့မရှိပါ။

ကျေးရွာမှာ တောင်ပေါ်ဒေသဖြစ်ပြီး ထွန်စက်ရှိသူများက ထွန်စက်များကို အသုံးပြုကြပြီး မရှိသူများက ပေါက်ပြားနှင့် ကျွဲရှိသူများက ကျွဲများဖြင့် လယ်ထွန်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်သူများ အနည်းငယ်ရှိပြီး စိုက်ပျိုးရေးသုံးကိရိယာမရှိသူများမှာ အခြားသူများထံသို့ ငှားရမ်းခအနေဖြင့် ငွေသားပေးစရာမလိုပဲ ဆီထည့်ပေးခြင်းဖြင့်လည်း ငှားရမ်းကြပါသည်။

ကျေးရွာတွင် စိုက်ပျိုးသော သီးနှံမျိုးစိတ်များနှင့် ဓါတ်မြေဩဇာများ၊ ဓါတုပိုးသတ်ဆေးများကို ပန်လုံမြို့နှင့် ဟိုပန်မြို့တွင် ဝယ်ယူသုံးစွဲကြပါသည်။ သဘာဝမြေဩဇာအဖြစ် နွားချေး၊ ကြက်ချေး၊ ကျွဲချေးနှင့် ဝက်ချေးတို့ကို အသုံးပြုနိုင်သော်လည်း စိုက်ခင်းတွင် အသုံးပြုရန်မလုံလောက်သောကြောင့် သုံးစွဲသူနည်းပါးပါသည်။ ကျေးရွာမှထွက်ရှိသော စိုက်ပျိုးရေးထွက်ကုန်များကို ပန်လုံမြို့တွင်သာ တင်ပို့ရောင်းချကြပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသောကြောင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူမရှိသော်လည်း အိမ်စားရန်အတွက်နှင့် ဝယ်ယူသူရှိပါက ရောင်းချပေးရန်သာ မွေးမြူကြပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည့် အိမ်ထောင်စုများ မရှိပါ။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

တောင်ပေါ်ဒေသဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးမှာ ခက်ခဲလှသောကြောင့် ဘဏ်နှင့် ငွေကြေးလက်လှမ်းမှီနိုင်မှုမှာ အလွန်နည်းပါးပါသည်။ သို့သော် ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေး နှစ်တွင် ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးထားသော မြစိမ်းရောင် ကျေးရွာစီမံကိန်းမှ အရင်း/အတိုးဆပ်ကာလ(၁၂)လအား (၀.၅%)အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရယူနိုင်ပါသည်။

**၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက်သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင်းလမ်းသည် မြေသားလမ်းများဖြစ်ပြီး မိုးရာသီတွင် ကျောင်းနေကလေး ငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် သွားလာရခက်ခဲပါသည်။ ရွာချင်းဆက်လမ်းမှာ ရွှေကျင်ထုကျေးရွာနှင့် မြေသားလမ်း (၅/၀)မိုင်ကျော်ခန့် ကွာဝေးပါသည်။

ကျေးရွာတွင်းရှိ အိမ်ထောင်စုအများစုတွင် ဆိုင်ကယ်များပိုင်ဆိုင်ကြပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခြင်းနှင့် ငွေကြေးခက်ခဲကြသဖြင့် ကားနှင့် ထော်လာဂျီများ ဝယ်ယူသုံးစွဲနိုင်ခြင်း မရှိပါ။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာမှာ ပန်လုံမြို့နှင့် (၆/၀)မိုင်ကျော်ခန့်၊ ဟိုပန်မြို့နှင့် (၂၇)မိုင်ခန့်ကွာဝေးပြီး ၂၀၁၂-၂၀၁၃ခု ဘဏ္ဍာရေး နှစ်နှင့် ၂၀၂၁-၂၀၂၂ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသော ဆိုလာများ ရရှိထားပါသည်။ ထပ်တိုး ရောက်ရှိလာသော အိမ်ထောင်စုများ ရှိသဖြင့် ဆိုလာမီးလိုအပ်ချက် ရှိနေပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် မည်သည့်ဆက်သွယ်ရေးဖုန်းလိုင်းမှ မရရှိပါ။ ကျေးရွာတွင် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အခြားကိစ္စရပ်များ ပြောဆိုလိုပါက ပန်လုံမြို့၌ (၅)ရက် (၁)ဈေး ဈေးဝယ်လာသည့်အချိန်များတွင် ပြောဆိုရသည်။

**၇။ ပညာရေး**

ကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ ကျေးရွာနှင့်(၂/၀)မိုင်ကျော်ခန့်ကွာဝေးသော အိုက်ကျော်ပါး ကျေးရွာရှိ မူလတန်းစာသင်ကျောင်းနှင့် (၇)မိုင်ခန့်ဝေးသော ပန်လုံမြို့ပေါ်ရှိ (အ.ထ.က)ကျောင်းတို့၌ စာသွားသင်ရပြီး လက်ရှိပညာသင်ကြားနေသော ကျောင်းသူ/သား ဦးရေ(၂၁)ဦးရှိပါသည်။ လားရှိုးမြို့ရှိ တက္ကသိုလ်တွင် (၂)ဦး သင်ကြားနေပါသည်။

**၈။ ကျန်းမာရေး**

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိပါ။ (၂/၀)မိုင်ကျော်ခန့်ကွာဝေးသော အိုက်ကျော်ပါး

ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော်လည်း ဆရာမများ အချိန်ပြည့် မရှိပါ။ ကျန်းမာရေး စောင့်ရှောက်မှုများနှင့် ကာကွယ်ဆေးထိုးနှံမှုများကို ပန်လုံမြို့ပေါ်ရှိ ကျေးလက်ကျန်းမာရေးဌာနတွင် ပုံမှန် ထိုးနှံပေးမှု ရှိပါသည်။ အနည်းငယ်ဖျားနာခြင်း၊ သွေးတိုး အနည်းငယ်ဖြစ်ပွားပါက မိမိတို့ရိုးရာအတိုင်းသာ ကုသကြပါသည်။ ကျေးလက်ဆေးပေးခန်းမှ ကုသ၍မရနိုင်သော ရောဂါမျိုးဖြစ်မှသာ ကျေးရွာနှင့် (၂၇/၀)မိုင်ကျော်ခန့်ကွာဝေးသော ဟိုပန်မြို့နယ်ဆေးရုံးသို့ သွားရောက် ကုသမှုခံယူကြပါသည်။

## ၉။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝဓါတ်မြေဩဇာများနည်းပါး၍သော် လည်းကောင်း၊ ဈေးကြီးသော ဓါတုဓါတ်မြေဩဇာများကို မဝယ်နိုင်၍သော်လည်းကောင်း ဈေးနှုန်းအသင့် အတင့်ရှိသော ဓါတုဓါတ်မြေဩဇာများ၊ ပိုးသတ်ဆေးများကိုသာ သုံးစွဲရသောကြောင့် မြေဆီလွှာများပျက်စီး နိုင်ပြီး သဘာဝမရသော မြေဆီ၊ မြေဩဇာများနည်းပါးလာခြင်းတို့ဖြစ်ပေါ်လာပါသည်။ တောမီးလောင်မှုများ နှင့် စည်းမဲ့ကမ်းမဲ့သစ်ခုတ်ခြင်းများကြောင့် သစ်တောများပြုန်းတီးလျက်ရှိပြီး သဘာဝသစ်တောများ ပျက်စီး လာခြင်းကြောင့် ရွာနီးပတ်ဝန်းကျင်ရှိသစ်တောများကို ရွာသူ/သားများက တတ်နိုင်သမျှထိန်းသိမ်းစောင့် ရှောက်ကြရပါသည်။

## ၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ရှေးရိုးစွဲအယူအဆများနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများကြောင့် အုပ်ချုပ်မှုစနစ် တွင် အမျိုးသမီးများပါဝင်ခေါင်းဆောင်မှု အားနည်းလျက်ရှိပါသည်။ သို့သော်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအနေဖြင့် တတ်နိုင်သည့်ကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်လျက် ရှိပါသည်။

## ၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် လူငယ်များအတွက် သီးသန့်အနားယူအပန်းဖြေစရာနေရာမရှိသော်လည်း ရာသီ အလိုက် ရိုးရာပွဲတော်များ၊ ဘာသာရေးပွဲတော်များကိုတော့ အလေးထားဆောင်ရွက်ကြပါသည်။ လူမှုရေး လုပ်ငန်းများတွင် လူငယ်များမှာ တက်ညီလက်ညီပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် လူငယ်များ ဗဟုသုတလေ့လာရန်အတွက် စာကြည့်တိုက်မရှိသည့်အတွက် အသိပညာဗဟုသုတများနှင့် စဉ်းစားချင့်ချိန် နိုင်စွမ်းများ လျော့ကျပါသည်။ သို့သော်လည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများမှာ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ၊ ဘာသာရေးလုပ်ငန်းများ ၊ ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ခြင်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

## ၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် ခိုးမှုနှင့် မူးယစ်ဆေးသုံးစွဲမှု အနည်းငယ်ရှိပါသည်။ ကျေးရွာလူကြီးများမှ မှုခင်း ဖြစ်ပွားပါက ဝိုင်းဝန်းဖြေရှင်း ဆောင်ရွက်ကြပါသည်။

**၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**

| စဉ် | စီမံချက် ( Project ) | ဦးစားပေး အဆင့် | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ |
|---|---|---|---|---|---|---|---|
| ၁ | ဘက်စုံသုံးကျေးရွာခန်းမတည်ဆောက်ခြင်း | ၁ | ✓ | | | | |
| ၂ | ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်း | ၂ | | ✓ | | | |
| ၃ | ဆိုလာမီး ရရှိရေး ဆောင်ရွက်ခြင်း | ၃ | | ✓ | ✓ | | |
| ၄ | အစိုးရစာသင်ကျောင်းရရှိရေး ဆောင်ရွက်ခြင်း | ၄ | | | | ✓ | ✓ |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)
## စီမံကိန်း အဆိုပြုလွှာ

| | | |
|---|---|---|
| ၁။ | **တိုင်းဒေသကြီး/ပြည်နယ်** | – ရှမ်းပြည်နယ်(မြောက်ပိုင်း) |
| ၂။ | **ခရိုင်** | – ဟိုပန် |
| ၃။ | **မြို့နယ်** | – ဟိုပန် |
| ၄။ | **ကျေးရွာအုပ်စု** | – မန်ကောင်း(ပန်လုံ) |
| ၅။ | **ကျေးရွာ** | – မန်ကောင်း |
| ၆။ | **အကျိုးခံစားရမည့်အိမ်ထောင်စု** | – (၂၆)စု |
| ၇။ | **အကျိုးခံစားရမည့်လူဦးရေ** | – (၁၄၃)ဦး |

၈။ **ကျေးရွာ၏ စီမံကိန်းရယူရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်**

မိမိတို့ကျေးရွာသည် တောင်ပေါ်ကျေးရွာဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးလည်းခက်ခဲပါသည်။ ကျေးရွာတွင် အစိုးရဌာနဆိုင်ရာများနှင့် အခြားအဖွဲ့အစည်းများ မိမိတို့ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အစည်းအဝေးပြုလုပ်လိုပါက စုရပ်နေရာမရှိပါ။ ကျေးရွာလူကြီး၏ နေအိမ်တွင် စုဝေး၍ ဆောင်ရွက်နေရပါသည်။ ကျေးရွာအတွက် ဘက်စုံသုံးခန်းမဆောင် တည်ဆောက်လိုပါသည်။ ထို့ကြောင့် အစည်းအဝေးပြုလုပ်ရန်အတွက် အဆင်ပြေစေနိုင်ရန် (၆၀'x၂၆'x၁၂') ရှိ ကျေးရွာခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်သွားပါမည်။

၉။ **စီမံကိန်းရရှိပါက ကျေးရွာမှ ပါဝင်ဆောင်ရွက်မည့် အစီအစဉ်များ** (လူထု၊ လုပ်အားထည့်ဝင်ငွေ စသည်)

(က) **စီမံချက်ရေးဆွဲခြင်း** – ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP) စီမံချက်ရေးဆွဲနည်းသင်တန်း တတ်ရောက်ထားသော ကျေးရွာမှ စေတနာ့ဝန်ထမ်း(၂)ဦးတို့ ဦးဆောင်၍ စီမံချက်ရေးဆွဲခြင်းအား ဆောင်ရွက်သွားပါမည်။

(ခ) **ဖွံ့ဖြိုးရေးလုပ်ငန်းများ– အကောင်အထည်ဖော်ခြင်း** ကျေးရွာ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း စတင် အကောင်အထည်ဖော် ဆောင်ရွက်လျှင် ငွေအား/ လူအား/ ပစ္စည်းအင်းအားများ ပါဝင်သွားပါမည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှလည်း စည်းရုံးလှုံ့ဆော် သွားမည်။

၁၀။ သို့ဖြစ်ပါ၍ မိမိတို့ကျေးရွာအနေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိပါက စီမံကိန်းမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျေးရွာမှ ပါဝင် ဆောင်ရွက်ပေးရမည့် လုပ်ငန်းများတွင် ပြည့်ပြည့်ဝဝဖြင့် တက်ကြွစွာပူးပေါင်း ပါဝင်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ဝန်ခံဂတိပြုအပ်ပါသည်။

အုပ်ချုပ်ရေးမှူး ရပ်မိရပ်ဖ

**နောက်ဆက်တွဲ (၁)**

## မန်ကောင်းကျေးရွာ ၊ မန်ကောင်း(ပန်လုံ)ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁။ | ဦးတာလ | ဦးအားအေ | ၁၃/ဟပတ(နိုင်) ၀၀၇၀၁၁ | ၅၂ | ဥက္ကဌ | |
| ၂။ | ဦးအာတော့ရှဲ | ဦးအားဖေ့ | ၁၃/ဟပတ(နိုင်) ၀၀၈၇၂၇ | ၅၄ | ဘဏ္ဍာရေးမှူး | |
| ၃။ | ဦးကျာခ | ဦးကျအေး | ၁၃/ဟပတ(နိုင်) ၀၃၁၂၃၆ | ၃၃ | စာရင်းကိုင် | |
| ၄။ | ဦးဆိုင်ယား | ဦးအိုက်ယွန်း | ၁၃/ဟပတ(နိုင်) ၀၂၂၃၄၆ | ၃၄ | သော့ကိုင် (၁) | |
| ၅။ | ဒေါ်နားဖေ | ဦးအားဘို | ၁၃/ဟပတ(နိုင်) ၀၂၂၃၂၅ | ၃၅ | သော့ကိုင် (၂) | |
| ၆။ | ဒေါ်ယော့ပိုင် | ဦးညီမိန်း | ၁၃/ဟပတ(နိုင်) ၀၃၂၅၄၁ | ၃၃ | အဖွဲ့ဝင် | |
| ၇။ | ဒေါ်နာမူး | ဦးအားယော် | ၁၃/နမန(နိုင်) ၀၃၉၆၇၁ | ၄၁ | အတွင်းရေးမှူး | |

နောက်ဆက်တွဲ (၂)

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | - | ၁ | ၁ | - | - |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၅ | ၆ | ၁၁ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၂ | ၁၀ | ၂၂ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၇ | ၆ | ၁၃ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၀ | ၂၉ | ၈၉ | - | - |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃ | ၄ | ၇ | - | - |
| စုစုပေါင်း | | ၇၉ | ၆၄ | ၁၄၃ | - | - |
| စုစုပေါင်း အိမ်ထောင်စု | | ၂၆ | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက်(၁)နှစ်ပြည့်အရွယ်မှ(၅)နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက်(၅)နှစ်ပြည့်သည်မှအသက်(၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက်(၁၀)နှစ်ပြည့်သည်မှ အသက်(၁၅)နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက်(၆၅)နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက် ဆိုသည် မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် အိမ်ခြေ(၂၆)၊ လူဦးရေပေါင်း(၁၄၃)ဦးရှိပြီး လားဟူလူမျိုးများနှင့် “ဝ”လူမျိုးအနည်း ငယ်သာ နေထိုင်ကြပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅.၅)ဦးရှိသောကြောင့် မြန်မာနိုင်ငံ၏စံနှုန်း ဖြစ်သော တစ်အိမ်ထောင် (၅)ယောက်နှုန်းအထက်ရှိပါသည်။ ကျေးရွာတွင် နို့စို့အရွယ်ကလေးငယ် စုစုပေါင်း(၁)ဦး၊ (၀.၆၉%)၊ သက်ကြီးရွယ်အို(၇)ဦး (၄.၈၉%)၊ (၅)နှစ်အောက် ကလေးငယ်(၁၁)ဦး (၇.၆၉%)၊ ကျောင်းနေ အရွယ်ကလေးငယ် (၃၅)ဦး (၂၄.၄၇%) နှင့် အလုပ်လုပ်နိုင်သောလူဦးရေသည် (၈၉)ဦး၊ (၆၂.၂၃%) ရှိသည့်အတွက် အလုပ်လုပ်နိုင်သောသူ များပြားပါသည်။ ထို့ပြင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် (၁၁%) ပိုများပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၄ | ၆၃ | - | ၃၈ | ၂၅ | - | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | ၃ | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၈ | ၂၈ | - | ၁၃ | ၁၅ | - | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် | - | - | - | - | - | - | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | ဦးရေ | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် | - | - | - | - | - | - | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် | – | – | – | – | – | – | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကို</u> <u>သာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | - | - | - | - | - | ၁ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐<br>နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ် …** (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင် **“မိသားစုဝင်လုပ်အား”** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ “ရပ်တည်နိုင်မှု **(**နိမ့်၊ လတ်၊ မြင့်**)”** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ **(**သို့မဟုတ်**)** အလုပ်သမား**/** ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -“စိုက်ပျိုးရေး” ကဏ္ဍ၏ “ကိုယ်ပိုင်လုပ်ငန်း” တွင်ရပ်တည်နိုင်မှု “မြင့်”ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်း များနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသော ကျေးရွာဖြစ်ပြီး ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်(နေ့စားလိုက်ခြင်း) လုပ်ငန်းလုပ်ကိုင်သူရှိသော်လည်း ထိုသူများ၏မိသားစုဝင်များမှာလည်း စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသောကြောင့် ၎င်းတို့၏ အဓိကဝင်ငွေရလုပ်ငန်းများမှာလည်း စိုက်ပျိုးရေးလုပ်ငန်းသာ ဖြစ်ပါသည်။ စိုက်ပျိုးရေး

လုပ်ငန်းအတွက် နေ့စားငှားရမ်းမည် ဆိုပါက လွယ်ကူသော်လည်း ရွာအများ၏ ဓလေ့ထုံးတမ်းအရ အခကြေးငွေမယူပဲ မိမိတို့၏လယ်/ယာများတွင် အလှည့်ကျစနစ်ဖြင့် အချင်းချင်းကူညီခြင်းမျိုးရှိကြပြီး အချို့မိသားစုမှာ မိမိတို့၏စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက် ပြီးပါက အခြားသူများထံ နေ့စားပြန်လုပ်ခြင်းမျိုးလည်းရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး(ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - |
| ၇ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလုပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသဖြင့် စိုက်ပျိုးရေး အတွက် လုပ်သားငှားရမ်းရာတွင် အခကြေးငွေကို ကျား/မ တန်းတူ ခံစားစေပါသည်။ လုပ်အားခ(၅၀၀၀/-)ပေးရလျှင် ထမင်းကျွေးရပြီး (၆၀၀၀/-)ပေးရလျှင် ထမင်းကျွေးစရာမလိုပါ။မည်သို့ပင်ဆိုပါစေ လုပ်အားခကို အညီအမျှပေးသည့် အတွက် ကျား/မ တန်းတူ အခွင့် အရေးပေးထားကြောင်း တွေ့ရှိရပါသည်။

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာအရည်အသွေး**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| လယ်မြေ | ၁၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၆၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| မြေလွတ်မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၇၅** | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာရှိ စုစုပေါင်းစိုက်ပျိုးမြေဧကမှာ (၇၅)ဧကရှိပြီး လယ်မြေ(၁၅)ဧကနှင့် တောင်ယာမြေ(၆၀)ဧက တို့ဖြစ်ပါသည်။

**(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု**(မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေပေါ်ရေ(အင်း၊ အိုင်၊ကန်၊ ချောင်း၊ မြစ်၊ စိမ့်စမ်း) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊ တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော - ဒီရေတောများ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။** ကျေးရွာတွင် ဖြုန်းတောင်နှင့်ကျောက်တောင်များကို အနည်းငယ်တွေ့ရပြီး လိုအပ်၍အသုံးပြု

လိုလျှင် အလွယ်တကူ ယူသုံး၍ရပါသည်။ အများအပြားသယ်ယူရန် ကား/ထော်လာဂျီများ မရှိသည့်အတွက် ဆိုင်ကယ်ဖြင့်သာ သယ်ယူအသုံးပြုကြသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | **၂** | **၁၀** | **၁၀** | **၄** |

**ရင်းမြစ်** … (၁) **ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ခြေ၊ အိမ်ထောင်စု (၂၆)စုရှိပြီး လုံးဝအဆင်မပြေသော အိမ်ထောင်စု(၄)စု ရှိသော်လည်း ၎င်းအိမ်ထောင်စု(၄)စုသည် အနည်းဆုံး(၂)ကေခန့်ရှိသည့်အတွက် အနည်းငယ်တော့ အဆင်ပြေပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စု အရေအတွက်များကိုဖော်ပြရန်)** |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | - | - | အခြားအစာပြောင်းလဲစား = ဝ<br>အစာလျှော့စား = ဝ<br>အထောက်အပံ့ယူ = ဝ<br>ချေးယူ = ဝ<br>လုပ်အားခကြိုယူ = ဝ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | - | - | အခြားအစာပြောင်းလဲစား = ဝ<br>အစာလျှော့စား = ဝ<br>အထောက်အပံ့ယူ = ဝ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စု အရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| | | | ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | - | - | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ဥစ္စာဓနအဆင့် (၃) နှင့် (၄)များရှိသော်လည်း ၎င်းတို့မှာ ကိုယ်ပိုင်စိုက်ပျိုးမြေကေ အနည်းငယ်ရှိပြီး မိသားစုစားသောက်ရန်အတွက် စပါးအနည်းငယ်နှင့် စီးပွားဖြစ်ပြောင်းအနည်းငယ်ကိုလည်း စိုက်ပျိုးကြပါသောကြောင့် တစ်မိသားစုလုံးအတွက် တစ်နေ့(၃)နပ်စာ ဝမ်းစာဖူလုံမှုရှိသည့်အတွက် အခြားနည်းဖြင့် ဝမ်းစာဖူလုံမှုအတွက် ဖြေရှင်းခြင်းတော့မရှိပါ။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၁ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အမျိုးသမီးဦးစီးသော အိမ်ထောင်စု(၁)စုသာရှိပြီး ၎င်းသည်လယ်/ယာမြေ (၅)ကေ ပိုင်ဆိုင်ထားကာ ဝမ်းစာဖူလုံမှုရှိပါသည်။ သားအငယ်ဆုံး (၁)ယောက်မှာ စိတ်မနှံ့သည့် ရောဂါရှိသော်လည်း ၎င်းတို့မှာမိသားစုနှင့်အတူနေထိုင်သည့်အတွက်ကြောင့် မိသားစုစောင့်ရှောက်မှုရှိသည့်အပြင် လယ်/ယာမြေ ကေမှာလည်း(၂)ကေနှင့်အထက်ရှိပြီး ဝမ်းစာဖူလုံမှုရှိခြင်းတို့ကြောင့် အထူးစောင့်ရှောက်မှုတော့ မလိုအပ်ပါ။

**(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျှော့နည်းရေးနှင့်လိုက်လျော ညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | **သဘာဝဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| ၁ | မြစ်ရေကြီးမှု | - | - | - | - | - | - |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | - | - | - | - | - | - |
| ၃ | မုန်တိုင်းဒီရေ | - | - | - | - | - | - |
| ၄ | ဆူနာမီ | - | - | - | - | - | - |
| ၅ | တိုင်ဖုန်းမုန်တိုင်း | - | - | - | - | - | - |
| ၆ | လေဆင်နှာမောင်း | - | - | - | - | - | - |
| ၇ | ငလျင် | - | - | - | - | - | - |
| ၈ | အပူလှိုင်း | - | - | - | - | - | - |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | - | - | - | - | - | - |
| ၁၀ | အအေးလှိုင်း | ✔ | - | - | - | - | - |
| ၁၁ | မိုးသီးကြွေကျမှု | ✔ | - | - | - | - | - |
| ၁၂ | မိုးခေါင်ခြင်း | - | - | - | - | - | - |
| ၁၃ | တောမီးလောင်ခြင်း | - | - | - | - | - | - |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | - | - | - | - | - | - |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | - | - | - | - | - | - |
| ၁၆ | မြေပြိုခြင်း | ✔ | - | - | - | - | - |
| | **လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | - | - | - | - | - | - |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | - | - | - | - | - | - |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | - | - | - | - | - | - |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✔ | - | - | - | - | - |
| ၂၁ | ငှက်ဖျားရောဂါ | - | - | - | - | - | - |
| ၂၂ | တီဘီရောဂါ | - | - | - | - | - | - |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | - | - | - | - | - | - |
| ၂၄ | ကပ်ရောဂါ | ✔ | - | - | - | - | - |
| ၂၅ | ပြည်တွင်းပဋိပက္ခ | - | - | - | - | - | - |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | - | - | - | - | - |
| ၂၇ | လူကုန်ကူးခြင်း | - | - | - | - | - | - |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းစသည် | ✓ | - | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။**

**မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏ မည်သို့သောအိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစား ကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်**

**အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်**

**အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)**

**လေ့လာတွေ့ရှိချက်။** ။မိမိတို့ကျေးရွာသည် ပန်လုံမြို့နှင့်(၇/၀)မိုင်ကျော်ခန့်ကွာဝေးပြီး ဟိုပန်မြို့နှင့်(၂၇/၀)မိုင်ခန့် ဝေးပါသည်။ ဝေးလံခေါင်သီ၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကျေးရွာဖြစ်သည့်အပြင် ဆက်သွယ်ရေးလည်း ခက်ခဲသောကျေးရွာဖြစ်သည်။ ပန်လုံမြို့နှင့်ဆက်သွယ်ထားသောလမ်းပိုင်းမှာ ဆိုင်ကယ်(၁)စီးသာ မောင်းနှင်နိုင်သော လမ်းဖြစ်သည့်အတွက် မိုးများချိန်များတွင် မြေပြို၍ သွားလာရေး ပြတ်တောက်ခြင်းများ တစ်ခါတစ်ရံ ဖြစ်ပေါ်ပါသည်။ ယခင်က ကားလမ်းပေါက်သော လမ်းပိုင်းမှာ “ဝ”အထူးဒေသ(၂)နယ်မြေမှ သွားလာနိုင်သော်လည်း ယခုအခါ ၎င်းတို့ဘက်မှ လမ်းအား ပိတ်လိုက်သဖြင့် သယ်ယူပို့ဆောင်ရေးအတွက် ခက်ခဲသွားပါသသည်။

**(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာ တစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | - | - | - | - | - | - |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | - | - | - | - | - | - |
| ၃ | ဆင်းရဲသားတောင်သူ | - | - | - | - | - | - |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ | - | - | - | - | - | - |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | - | - | - | - | - | - |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | - | - | - | - | - | - |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | - | - | - | - | - | - |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | - | - | - | - | - | - |
| ၉ | ငါးကန်ပိုင်ရှင်များ | - | - | - | - | - | - |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | - | - | - | - | - | - |
| ၁၁ | လူနည်းစုလူမျိုးများ | - | - | - | - | - | - |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | - | - | - | - | - | - |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာ တစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| သဘာဝဘေးအန္တရာယ်များ | | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | - | - | - | - | - | - |
| ၁၄ | ရွှေတွင်းလုပ်သားများ | - | - | - | - | - | - |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | - | - | - | - | - | - |
| ၁၆ | နေရပ်ပြန်အခြေချသူများ | - | - | - | - | - | - |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | - | - | - | - | - | - |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | - | - | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများရှိသော်လည်း သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ ၊ လူကြောင့်ဖြစ်သော ဘေးအန္တရာယ်ကြောင့်ဖြစ်စေ ဖြစ်ပေါ်လာပါက ၎င်းတို့မှာ ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အခြေအနေမရှိပါ။ အကယ်၍ တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အားလုံးဝိုင်းဝန်းတွန်းလှန်ဖြေရှင်းမည်ဖြစ်ပါသည်။

**(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ**

**(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

**ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး/ ရပ်မိရပ်ဖ အဖွဲ့ | ၁☐ ၂☐ ၃☑ | ၇ | - | ၇ | ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☐ သင့်☑ ညံ့☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | | ၁☐ ၂☐ ၃ ☐ | | | | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |
| | | ၁☐ ၂☐ ၃☐ | | | | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ရပ်မိရပ်ဖအဖွဲ့(၁)သာရှိပြီး ကျေးရွာ၏ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေးကိစ္စများအား ရပ်မိရပ်ဖအဖွဲ့များနှင့် ကျေးရွာသူ/သားများ အားလုံးဝိုင်းဝန်းဆောင်ရွက်ကြသည်။

**(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

**ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

| စဉ် | အမည် | **အဖွဲ့အစည်းအမျိုးအစား**(မှန်ရာတစ်ခုကိုသာရွေးရန်) | **အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်**(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၂ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**မှတ်ချက်။**

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း**(ပြည်တွင်း/ပြည်ပ)(**ဥပမာ–မေတ္တာစကူးလ်ဖောင်ဒေးရှင်း၊**Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

**နိုင်ငံတော်မှဒေသအကျိုး၊ ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်)တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်းမပြုပါရန်</u>။**

**လေ့လာတွေ့ရှိချက်။** ။မရှိပါ။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ–၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)**

**ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | - | - | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၁၄ | - | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၁၀ | - | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၂ | - | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | - | - | တောင်သူကြီး |
| **ကျေးရွာရှိ အိမ်ထောင်စုစုစုပေါင်း** | | **၂၆** | **-** | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်ထောင်စု(၂၆)စုလုံး စိုက်ပျိုးမြေပိုင်ဆိုင်ကြသည်။ စိုက်ပျိုးမြေပိုင်ယာပိုင်ရှိသူများမှာ မိမိယာမြေ များမှစိုက်ပျိုးသီးနှံများအား ရိတ်သိမ်းပြီးလျှင် အခြားသောသူများထံသို့ နေ့စားအနေဖြင့်လည်းကောင်း (သို့) အချင်း ချင်းကူညီခြင်းဖြင့်လည်းကောင်း သွားရောက်လုပ်ကိုင် ပေးကြပါသည်။

**(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ**

**ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ**

| စဉ် | အရင်း | ရေ | ရေရရှိနိုင်မှု |
|---|---|---|---|

| | အမြစ် | သောက် (ကေ) | တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု(ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|
| ၁ | ဆည် | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| ၂ | ရေလွှဲဆည် | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| ၃ | မြစ်ရေတင်စီမံကိန်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| ၄ | ရေသွင်းမြောင်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| ၅ | အဝီစိတွင်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| ၆ | လက်ငင်ရေတွင်း | - | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☐ တိုး☐ အပြောင်းအလဲမရှိ☐ |
| ၇ | စိမ့်စမ်းရေ | ၂ | တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☑ မရှိ☐ မဖြေဆိုပါ☐ | လျော့☑ တိုး☐ အပြောင်းအလဲမရှိ☐ |
| ၈ | ချောင်းရေ | ၁၆ | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ | လျော့☑ တိုး☐ အပြောင်းအလဲမရှိ☐ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စုစုပေါင်းလယ်ကေမှာ (၁၅)ကေရှိပြီး ကျန်ကေများမှာ တောင်ယာမြေများဖြစ်သည့်အတွက် လယ်အတွက် စိုက်ပျိုးရေကို အနီးနားရှိ ချောင်းမှရေအား အသုံးပြုသော်လည်း တစ်နှစ်ပတ်လုံးလုံလောက်ပါသည်။

**(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း**

**ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ကေ | တစ်ကေအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| ပြောင်း | ၆၀ | အိတ် | ၃၀ | ၄၀ | ၃၅ | ဧပြီ | ဩဂုတ် | မြင့်☐လတ်☑ နိမ့်☐ | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☐ လတ်☐ နိမ့်☑ |
| စပါး | ၁၅ | တင်း | ၄၅ | ၅၀ | ၄၃ | ဇွန် | အောက်တိုဘာ | မြင့်☐လတ်☑ နိမ့်☐ | မြင့်☐ လတ်☐ နိမ့်☑ | မြင့်☐ လတ်☐ နိမ့်☑ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ပြောင်းနှင့် စပါးကို စိုက်ပျိုးကြသော်လည်း စီးပွားအဖြစ် ပြောင်းကိုသာ အဓိကထားစိုက်ပျိုးကြပြီး စပါးကို မိမိအိမ်အတွက် ဝမ်းစာဖူလုံရန်အတွက်သာ စိုက်ပျိုးကြပါသည်။ ယခင်နှစ်များတွင် ပြောင်းကို စီးပွားအဖြစ်စိုက်ပျိုးကြသော်လည်း နည်းပညာဗဟုသုတနည်းပါး၍သော်လည်းကောင်း၊ ပုံမှန်ဈေးကွက် မရရှိ၍သော်လည်းကောင်း၊ ပိုးကျမှုများသောကြောင့် ပိုးသတ်ဆေးများအသုံးပြုမှုများကာ ပြောင်းအထွက်နှုန်းကျခြင်း နှင့်ထွက်ရှိလာသောပြောင်းမှာ အသီးမလှသည့်အတွက် ဈေးကောင်းမရခြင်း၊ ကျွန်တော်တို့ကျေးရွာသည် တရုတ်ပြည် နှင့်နီးသည့်အတွက် ရွာမှထွက်ရှိလာသော သီးနှံများကို အများအားဖြင့် တရုတ်ပြည်သို့တင်ပို့ကြပါသဖြင့် Covid-19 ကာလတွင် ဂိတ်များပိတ်သောကြောင့် ပို့မရ/ရောင်းမရဖြစ်ပြီး ရွာတွင်သီးနှံများအောင်းကာ ဆုံးရှုံးမှုများပါသည်။ သို့ဖြစ်ပါ၍ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းပညာများ၊ ဗဟုသုတများအား လာရောက် သင်တန်းပေးခြင်းနှင့် သီးနှံများအား ပုံမှန်ဈေးကွက်ရရှိစေရန် ကူညီဆောင်ရွက် ပေးစေလိုပါသည်။

## (၄) လယ်ယာသုံးစက်ကိရိယာများ

**ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | - | - | - | - |
| လက်တွန်းထွန်စက် | ၅ | - | - | – |
| အစေ့ချကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - |
| ရိတ်သိမ်းစက် | - | - | - | - |
| ခြွေလှေ့စက် | ၆ | - | - | - |
| ရေစုပ်စက် | - | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | ၁ | - | - | ၃ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။** စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်သူမှာ အလွန်နည်းပါးပါသည်။ အချို့သောတောင်သူများမှာ စိုက်ပျိုးရေးသုံးကိရိယာရှိသူထံသို့ ဆီထည့်ပေးပြီး ငှားရမ်းခြင်း၊ အခကြေးငွေပေးပြီး ငှားရမ်းခြင်းလည်းကောင်း စိုက်ပျိုးရေးကိရိယာများ ငှားရမ်းကြပါသည်။ အချို့သောတောင်သူများမှာမူ စိုက်ပျိုးရေးသုံးကိရိယာများ ငှားရမ်းခြင်း မပြုပဲ ပေါက်ပြားနှင့် ကျွဲရှိသူများက ကျွဲများကိုသာ အသုံးပြုကြပါသည်။

## (၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

**ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း☐ ကောင်း☑ သင့်တင့်မျှတ☐ မဖြေဆိုပါ☐ |

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်<br>(<u>မှန်ရာတစ်ခုကိုသာ</u>ရွေးရန်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည်☐ ရသည်☐ မဖြေဆိုပါ☑ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐<br>သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☑ |
| ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရနိုင်သည်☑ ရနိုင်သည်☐ မဖြေဆိုပါ☐ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ☑ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐<br>သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐ |
| ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်) | ထိခိုက်သည်☐ မထိခိုက်ပါ ☐ မဖြေဆိုပါ☑ |

**ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

